# ကျွန်ုပ်တို့၏ယုံကြည်ခြင်း ကြေညာချက်

## Our Statement of Faith

ဒေသန္တရအသင်းတော်များအားဖြင့် အတည်ပြုကိုင်စွဲသည့် ယုံကြည်ချက်သည် ယုံကြည်သူများအားလုံးထံသို့ အများနှင့်ဆိုင်သည့် ယုံကြည်ချက်ပင်ဖြစ်ပါသည်၊ ထိုအချက်များမှာ –

၁။ သမ္မာကျမ်းစာသည် စကားလုံးတစ်လုံးချင်းစီကို ဘုရားသခင်၏ စေ့ဆော်မှုအောက်တွင် ရေးသားထားသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပြီး (၂တိ၊၃း၁၆)၊ ယင်းသည် လူထံသို့ ဘုရားသခင်၏ပြည့်စုံသော၊ တစ်ခုတည်းသော ရေးသားထားသည့် ဘုရားဆိုင်ရာ ဖွင့်ပြခြင်းဖြစ်သည် (တရား၊၄း၂။ ၁၂း၃၂။ သု၊၃၀း၅–၆။ ဗျာ၊၂၂း၁၈–၁၉)။

၂။ ဘုရားသခင်တစ်ပါးတည်းရှိ၍ (တရား၊၆း၄။ ၁ကော၊၈၄ခ။ ဟေရှာ၊၄၅း၅က)၊ ကိုယ်တော်သည် ခမည်းတော်၊ သား၊ ဝိညာဉ်တော် ဟူ၍ သုံးပါးတစ်ပါးဖြစ်ကာ (မ၊၂၈း၁၉)၊ ထာဝရကာလမှ ထာဝရကာလတိုင် ပုဂ္ဂိုလ်သုံးပါး၌ သို့မဟုတ် သီးခြားစီဖြစ်သော်လည်း ခွဲခြားထားခြင်းမရှိသော ပုဂ္ဂိုလ်ဖြစ်ခြင်း၌ အတူတကွ တည်ရှိနေကြပြီး (မ၊၃း၁၆–၁၇။ ၂ကော၊ ၁၃း၁၄)၊ အပြန်အလှန်တည်နေကြသည် (ယော၊၁၄း၁၀–၁၁)။

၃။ ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် (ယော၊၁း၁၈။ ၃း၁၆)၊ ဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်သည့် ခရစ်တော်သည် (ယော၊၁း၁)၊ လူ့ဇာတိခံခြင်းအားဖြင့် (ယော၊၁း၁၄) စစ်မှန်သောလူဖြစ်လာပြီး ဘုရားနှင့် လူသားဇာတိနှစ်မျိုးလုံး (ရော၊၉း၅။ ၁တိ၊၂း၅) ရှိကာ၊ သဘောသဘာဝနှစ်မျိုးလုံးသည် ပုဂ္ဂိုလ်တစ်ဦးတည်း၌ ပေါင်းစပ်ထားလျက်ရှိ၍ ရှုပ်ထွေးခြင်း သို့မဟုတ် ပြောင်းလဲခြင်းမရှိ၊ တတိယဒြပ်သဘာဝကို ထွက်ပေါ်စေခြင်းမရှိဘဲ ထင်ရှားစွာ ထိန်းထားသည်။

၄။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များအတွက် အသေခံ၍၊ ရုပ်ခန္ဓာပါလျက် သေခြင်းမှ ထမြောက်တော်မူခဲ့ပြီး (၁ကော၊ ၁၅း၃–၄။ တ၊၄း၁၀။ ရော၊၈း၃၄)၊ အရာခပ်သိမ်း၏ သခင်အဖြစ် ဘုရားသခင်၏ လက်ယာဘက်တွင် ချီးမြှောက်ခံရကာ (တ၊ ၅း၃၁။ ၁၀း၃၆)၊ ကိုယ်တော်၏ သတို့သမီး အသင်းတော်အတွက် သတို့သားအဖြစ် (ယော၊၃း၂၉။ ဗျာ၊၁၉း၇) နှင့် တိုင်းနိုင်ငံ လူမျိုးတို့အပေါ် အုပ်စိုးရန် ဘုရင်တကာ၏ ဘုရင်အဖြစ် (ဗျာ၊၁၁း၁၅။ ၁၉း၁၆) ပြန်ကြွလာမည်ဖြစ်သည်။

၅။ ကယ်တင်ခြင်းသည် ခရစ်တော်၌ (ဧ၊၂း၅၊၈)၊ ကိုယ်တော်၏ပြည့်စုံခဲ့သော အလုပ်၌ ယုံကြည်ခြင်းမှတစ်ဆင့်၊ ကျေးဇူးတော်အားဖြင့်ဖြစ်ပြီး၊ ဘုရားသခင်ရှေ့တော်တွင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် (ရော၊၃း၂၄၊ ၂၈။ ဂလ၊၂း၁၆)၊ ကိုယ်တော်၏ သားများဖြစ်စေရန် ဘုရားသခင်ဖြင့် မွေးဖွားခံရခြင်းကို ထွက်ပေါ်စေသည် (ယော၊၁း၁၂–၁၃)။

၆။ ခရစ်တော်၏ တုနှိုင်းရာမရှိသော ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၊ ခရစ်တော်၏ လုပ်ဆောင်မှုရလဒ် (ဧ၊၁း၂၂–၂၃) သည် ခရစ်တော်၌ စစ်မှန်သောယုံကြည်သူများအားလုံး (ရော၊၁၂း၅။ ၁ကော၊၁၂း၁၂) နှင့် ပါဝင်ပေါင်းစည်းထားပြီး၊ ဓမ္မသစ်ဖွင့်ပြခြင်းအရ ဒေသန္တရအသင်းတော်များ၌ အချိန်နှင့် နေရာတွင် ထင်ရှားပြီး၊ အသင်းတော်တစ်ပါးစီ၌ မည်သည့်နေရာတွင် သူတို့တွေ့ဆုံသည်ဖြစ်စေ သို့မဟုတ် သူတို့ကိုယ်တိုင်ကို မည်သို့ဖော်ထုတ်ပြသည်ဖြစ်စေ ထိုမြို့၌ရှိသော ယုံကြည်သူအားလုံးပါဝင်ခြင်းဖြစ်သည် (၁ကော၊၁း၂။ ၁သက်၊၁း၁။ ဗျာ၊၁း၁၁)။

၇။ ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် ထာဝရကာလအတွက် ကောင်းကင်သစ်၊ မြေကြီးသစ်၊ ယေရုရှလင်မြို့သစ်၌ ဘုရားဆိုင်ရာကောင်းကြီးမင်္ဂလာများကို ပါဝင်ဆက်ဆံမွေ့လျော်ဝမ်းမြောက်ကြရမည့်အကြောင်းကို ကျွန်ုပ်တို့ယုံကြည်သည် (၁ကော၊၂း၉။ ဗျာ၊၂း၂၆၊ ၂၇။ ၁၁း၁၅။ ၂၂း၁၇)။